# ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန



## ပုံစံ ဈ-၉(က)၊ နှစ်စဉ်အစီရင်ခံစာ တင်ပြရန် ပျက်ကွက်မှုအတွက် ရပ်ဆိုင်းရန် အကြောင်းကြားစာ

*ပုဒ်မ ၄၃၀ (ဃ)၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ( ၂၀၁၇ )*

ရုံးသုံးအတွက်သာ

**ကုမ္ပဏီအမည်**

**မှတ်ပုံတင်အမှတ်**

### ၁။ အထွေထွေဖော်ပြချက်

ပုဒ်မ ၄၃၀ (ဃ)၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇)

> " ကုမ္ပဏီသည် ပုဒ်မ ၉၇ အရ လိုအပ်သော နှစ်စဉ်အစီရင်ခံစာတင်ပြရန် ပျက်ကွက်လျှင် သို့မဟုတ် မှတ်ပုံတင် အရာရှိထံ တင်ပြသော စာရွက်စာတမ်းများတွင် လိမ်လည်ထားခြင်းများ ပြုလုပ်ထားလျှင် မှတ်ပုံတင်အရာရှိမှ ထိုကိစ္စနှင့် သက်ဆိုင်သည့် အချက်အလက်များသည် ကုမ္ပဏီ၊ ယင်း၏ မြီရှင် သို့မဟုတ် အများပြည်သူ၏ အကျိုးစီးပွားကို ကြီးမားစွာ ထိခိုက်စေကြောင်း တွေ့ရှိရလျှင် မှတ်ပုံတင်အရာရှိသည် ထိုကုမ္ပဏီသို့ ကုမ္ပဏီ၏ မှတ်ပုံတင်ထားရှိမှုကို ဆိုင်းငံ့မည်ဖြစ်ကြောင်း ကုမ္ပဏီက ပေးချေရမည့် အခကြေးငွေများကို ပေးသွင်းခြင်းနှင့် သတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ်ပေးဆောင်ခြင်း အပါအဝင် အကြောင်းကြားစာပေးပို့၍ ထိုပျက်ကွက်မှုကို ၂၈ ရက်အတွင်း ကောင်းမွန်သည် အထိ ပြင်ဆင်နိုင်ခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိသည် ဆိုင်းငံ့မှုကို ပြုလုပ်နိုင်သည်။ "

### ၂။ ကုမ္ပဏီ၏ မှတ်ပုံတင်ထားရှိမှုကို ရပ်ဆိုင်းရန် အကြောင်းကြားစာ

ပုဒ်မ ၄၃၀ (ဃ)၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)နှင့်အညီ ဤအကြောင်းကြားစာ ပေးပို့သည့်ရက်မှ ၂၈ ရက် အတွင်း ကုမ္ပဏီသည် နှစ်စဉ်အစီရင်ခံစာကို အခကြေးငွေများနှင့် သတ်မှတ်ဖော်ပြထားသည့် ဒဏ်ကြေးပေးဆောင်ပြီး တင်ပြခြင်းမပြုပါက ကုမ္ပဏီ၏ မှတ်ပုံတင်ထားမှုသည် အလိုအလျောက် ရပ်စဲမည်ဖြစ်ကြောင်း မှတ်ပုံတင်အရာရှိက အကြောင်းကြားပါသည်။